


# စစ်ကျွန်ဘဝ ငြင်းဆန်ကြ
# ၈၈ မျိုးဆက်ကျောင်းသားများ
# ပြည်သူသို့ ပန်ကြားချက်

စာအမှတ် ၅ /၂၀၀၈(၈၈)
ရက်စွဲ ၁၄/၃/၂၀၀၈

ရဟန်းရှင်လူကျောင်းသားပြည်သူအပေါင်းတို့

၁။ အခု နအဖစစ်အစိုးရက တဖက်သတ် စိတ်ကြိုက်ရေးဆွဲပြီး အဓမ္မအတည်ပြုဖို့ ကြိုးစားနေတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေဟာ -

(က) ၁၉၉၀ ရွေးကောက်ပွဲမှာ ရွေးချယ်တင်မြှောက်ခံထားရတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက ပြည်သူ့ကိုယ်စား လွတ်လပ်စွာ ပါဝင်ရေးဆွဲခွင့် မရကြဘူး။

(ခ) တိုင်းရင်းသားလူမျိုးပေါင်းစုံအတွက် တန်းတူညီမျှမှု။ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် လူနည်းစုလူမျိုးစု အခွင့်အရေးများကို အလေးအနက်ထားမှု စတဲ့ စစ်မှန်တဲ့ပြည်ထောင်စုမူတွေနဲ့ တည်ဆောက်ထားတာ မဟုတ်ဘူး။

(ဂ) နိုင်ငံသူနိုင်ငံသားတို့ရဲ့အခြေခံလူ့အခွင့်အရေးတွေကို အာမခံချက်ပေးနိုင်တဲ့ ပြည်သူ့အကျိုးစီးပွားနဲ့ ပြည်သူ့ဘဝလုံခြုံမှုကို အကာအကွယ်ပေးနိုင်တဲ့ ဒီမိုကရေစီလူ့ဘောင်သစ်ကို ရှေ့ရှုဖော်ဆောင်နိုင်တဲ့ တိကျသေချာတဲ့အချက်တွေ မပါဘူး။

ဒါကြောင့် နအဖစစ်ဖွဲ့စည်းပုံကို ကျွန်ုပ်တို့ လုံးဝ(လုံးဝ) လက်မခံဘဲ ပြတ်ပြတ်သားသား ပယ်ချဖို့လိုတယ်။

၂။ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ပတ်သက်ပြီး ချမှတ်ရေးဆွဲအတည်ပြုပုံကို ကြည့်မယ်ဆိုရင် -

(က) စစ်အစိုးရကြေညာချက် ၁/၉၀ အရ (၉၀)ခုနှစ်ရွေးကောက်ခံကိုယ်စားလှယ်များက အခြေခံဥ ပဒေရေးဆွဲဖို့ တာဝန်ရှိတယ် ပြောပြီး လက်တွေ့မှာ ပြည်သူ့ကိုယ်စားလှယ်တွေကို ပါဝင်ခွင့် မပေးဘူး၊ သူတိုကျွာကိုယ်တိုင် ကျင်းပပေးခဲ့တဲ့ (၉၀)ရွေးကောက်ပွဲ ရလဒ်နှင့် သူတို့ထုတ်ပြန်တဲ့ ၁/၉၀ ကိုပါ ကတိမတည် ချိုးဖေါက်တယ်။

(ခ) အမျိုးသားညီလာခံ အခြေခံမူ ၁၀၄ချက်ဆိုတာ ကြံ့ဖွံ့က ဦးစီးပြီး ဝန်ထမ်းနှင့် အရပ်သားတွေကို မတက်မနေရချောဆွဲ ဘောလုံးကွင်းထဲ တရားမဝင် အတည်ပြုထားတာ ဖြစ်တယ်။

(ဂ) အမျိုးသားညီလာခံကို အတုအယောင်ကိုယ်စားလှယ်တွေနဲ့ ဟန်ပြကျင်းပ၊ အပစ်အခတ်ရပ်စဲရေးအဖွဲ့တွေရဲ့ အရင်းခံတင်ပြချက်တွေကို လစ်လျူရှုပယ်ချ။ နည်းပေါင်းစုံသုံးပြီး ဖိအားပေး အကျပ်ကိုင်တယ်။

(ဃ) အမိန့်အမှတ် ၅/၉၆ ထုတ်ပြန်ပြီး အမျိုးသားညီလာခံနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြည်သူတွေ မဝေဖန်ရဲ မထောက်ပြရဲအောင် ခြိမ်းချောက်ဟန့်တားထားတယ်။

(င) စာနယ်ဇင်းနှင့် သတင်းမီဒီယာ လွတ်လပ်ခွင့်တွေကို မီးကုန်ယမ်းကုန် ပိတ်ပင်နှိပ်ကွပ်ထားတယ်။

(စ) ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင်ကိုလည်း သူတို့ စိတ်ကြိုက်လူတွေနဲ့ပဲ ဖွဲ့စည်းထားတယ်။ ပြည်သူက ယုံကြည်ကိုးစားတဲ့သူတွေ မပါဘူး၊ ဆန္ဒခံယူပွဲလုပ်ထုံးလုပ်နည်းဥပဒေကလည်း နိုင်ငံတကာအဆင့်မပြောနဲ့ အာဆီယံအဆင့်တောင် မမီဘူး၊ ပြည်သူတွေကန့်ကွက်မဲပေးကြလို့ သူတို့ ရှုံးသွားရင် ဘာလုပ်ပေးမယ်ဆိုတာ လူသိရှင်ကြား ကတိပေးမထားဘူး။ နိုင်လည်း နိုင် ရှုံးလည်း နိုင်ဆိုပြီး ဂုက်ဖဲတွေနဲ့ အပိုင်ကိုင်ထားတယ်။

(ဆ) လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် ဘုန်းကြီးတွေ သီလရှင်တွေ ကျောင်းသားလူငယ်တွေ တိုင်းရင်းသားခေါင်းဆောင်တွေနဲ့ ဆန္ဒပြအရပ်သားတွေကို ဖမ်းဆီးနှိပ်စက် အကျဉ်းချထားတယ်။ ဒီလို မတော်မတရား အခြေအနေတွေအောက်မှာ ပြည်သူ့ဆန္ဒခံယူပွဲဆိုတာ အတုအယောင်ပဲဖြစ်မယ်။ ပြည်သူဆန္ဒကို လိမ်လည် လုယူပွဲသာ ဖြစ်တယ်။

၃၊ ဒီစစ်ဖွဲ့စည်းပုံဟာ အာဏာရှင်စစ်ဗိုလ်ချုပ်ကြီးတွေနှင့် သူတို့လက်ဝေခံ အသိုင်းအဝိုင်းရဲ့ အကျိုးစီးပွားနှင့် ဘဝလုံခြုံရေးကိုသာ အလေးထား ကာကွယ်ဖေါ်ဆောင်တဲ့ ဖွဲ့စည်းပုံဖြစ်တယ်။

တပ်မတော်သားတွေအတွက်တောင် မကောင်းဘူး။ စစ်တပ်နှင့် ပြည်သူကိုသွေးခွဲရန်တိုက်ပေးထားတယ်။ တပ်မတော်ထဲက အရာရှိငယ်တွေ အရာခံအကြပ်တပ်သားတွေကို ခုတုံးလုပ်ပြီး လက်တဆုပ်စာ ထိပ်သီးစစ်ဗိုလ်ချုပ်ကြီးတွေက သူတို့အာဏာ စည်းစိမ် တည်မြဲရေးအတွက် အကွက်ချရေးဆွဲထားတဲ့ အသုံးချဖွဲ့စည်းပုံအခြေခံဥပဒေသာ ဖြစ်တယ်။

၄၊ ဒီဖွဲ့စည်းပုံ အတည်ဖြစ်သွားရင် ဘာဖြစ်မလဲ၊

စစ်ဗိုလ်ချုပ်ကြီးတွေရဲ့ မိသားစုဆွေမျိုးအသိုင်းအဝိုင်းတွေ သူတို့ရဲ့ ဝေစားမျှစားဒေါက်တိုင်တွေ လူဆိုးလူမိုက်တွေက အခုထက် ပိုပြီး ပြည်သူကိုမတရားအနိုင်ကျင့် စော်ကားလိမ့်မယ်။ စီးပွားရေးဆိုလည်း သူတို့ချည်း လွှမ်းမိုးချုပ်ကိုင်လက်ဝါးကြီးအုပ်လိမ့်မယ်။ သူတို့ကို ဗိုလ်ကျခွင့်လိုင်စင် ဖိနှိပ်ခွင့်ပါမစ် တရားဝင်ထုတ်ပေးလိုက်သလို ဖြစ်သွားမယ်။

လူထုက ကိုယ့်လည်ပင်း ကိုယ်ကြိုးကွင်းစွပ်သလို ဖြစ်သွားမယ်။

သားစဉ်မြေးဆက် စစ်ကျွန်ဘဝမှာ နာလန်မထူနိုင်တော့လောက်အောင်ကို ပြားပြားဝပ်သွားမယ်။

၅၊ ဒါကြောင့်စစ်ဖွဲ့စည်းပုံကို အတည်ပြုမဲ့ နအဖရဲ့ အတုအယောင်အခမ္မ"ပြည်လုံးကွတ်ဆန္ဒခံယူပွဲ"ကို"ပြည်လုံးကွတ်ဆန္ဒပြပွဲကြီး"အဖြစ် အသွင်ပြောင်းပစ်ကြမယ်။ လူထုတိုက်ပွဲပုံသဏ္ဍာန်တခုအနေနဲ့ ကျော်ဖြတ်မယ်။ တိုင်းပြည်ကိုချောက်ကမ်းပါးထဲတွန်းပို့နေတဲ့ နအဖရဲ့ တလမ်းသွားလမ်းပြမြေပုံကို လူထုအားနဲ့ လမ်းကြောင်းလွှဲ ကြမယ်။

၆၊ ပြည်သူတွေ ဘယ်လိုဆန္ဒပြကြမလဲ

မဲပေးခွင့်ရှိသူတိုင်း မဲရုံကိုသွား၊ စစ်ဖွဲ့စည်းပုံကို ဆန့်ကျင်ကန့်ကွက်မဲပေးကြ။ ကြောက်စရာမလိုဘူး။ ကန့်ကွက်မဲပေးလို့ သူတို့မှာ ဖမ်းဆီးပိုင်ခွင့် မရှိဘူး၊ အခွင့်အာဏာက ပြည်သူလက်ထဲမှာပဲ ရှိတာ၊ ဒီလိုအချိန်မျိုးမှာ ကန့်ကွက်မဲပေးခြင်းဖြင့် ပြည်သူ့အာဏာကို ပြကြ၊ အခုတခါမှာ ကြောက်လိုက်ရင် တသက်လုံး မော်မကြည့်ရဲလောက်အောင် ကြောက်နေရလိမ့်မယ်။

၇၊ ကန့်ကွက်မဲပေးနေတဲ့ကြားက ညစ်ပတ်ပြီး အဓမ္မအနိုင်ယူ အတည်ပြုမယ်ဆိုရင် အကြမ်းမဖက် ငြိမ်းချမ်းတဲ့ လူထုလှုပ်ရှားမှုပုံစံ အဆင့်ဆင့်နဲ့ ဆက်လက်တိုက်ပွဲဝင်သွားမယ်၊ ၁၉၇၄ တပါတီဖွဲ့စည်းပုံ အတည်ပြုပြီးလို့မှ မကြာမီ အကြွတွန်းလှုန်ခဲ့ကြတဲ့ ဦးသန့် အရေးအခင်း၊ မှိုင်းရာပြည့်နှင့် အလုပ်သမားအရေးအခင်းတွေကိုပြန်ကြည့်။ ပြည်သူကို ကိုယ်စားမပြုတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေဟာ စက္ကူစုတ်တခုထက် မပိုဘူးဆိုတာ ရှစ်လေးလုံးဒီမိုကရေစီအရေးတော်ပုံကြီးက သက်သေပြခဲ့ပြီ မဟုတ်လား။

၈၊ ပြည်သူတဦးချင်းစီက သတ္တိရှိရှိနဲ့ ကိုယ့်တာဝန်ကိုယ်ကျေရင် တတိုင်းပြည်လုံးအတိုင်းအတာရလဒ်က စစ်ဗိုလ်ချုပ်ကြီးတွေကို တုန်လှုပ် သွားစေရမယ်၊ ပြည်သူလူထုဆိုတာ သူတို့ပြုသမျှ နုတဲ့သူတွေ မဟုတ်ဘူးဆိုတာ နားလည်သဘောပေါက်လာလိမ့်မယ်။ အဲဒါဟာ ကျွန်ုပ်တို့အားလုံး ရင်ဆိုင်နေရတဲ့ လူမှုဒုက္ခအပေါင်းက လွတ်မြောက်ဖို့လမ်းစပဲ ဖြစ်တယ်။

✡ ကျွန်ုပ်တို့လွတ်မြောက်ရာလမ်းကို ကျွန်ုပ်တို့ကိုယ်တိုင်ဖေါက်မယ်။

✡ ပြည်သူ့အတွက် လမ်းပြမြေပုံကို ပြည်သူတွေကိုယ်တိုင် ရေးဆွဲပိုင်ခွင့်ရှိတယ်။

✡ ရဟန်းသံဃာတော်တွေရဲ့ဦးခေါင်းပေါ်က စစ်ဘိနပ်ရာတွေကို ဆန့်ကျင်ကန့်ကွက်မဲတွေနဲ့ ဆေးကြောသန့်စင်ပစ်ကြမယ်။

၈၈ မျိုးဆက်ကျောင်းသားများ
ဆက်သွယ်အကြံပြုရန် - 88gstudent@gmail.com